


# ဗူစီရဲ့ ညီမလေးပြောလိုက်တဲ့စကား


Nina Orange
Wiehan de Jager
Naw Thazin Hpway


4
မြန်မာဘာသာ my



တစ်မနက်စောစောမှာကတော့ ဗူစီရဲ့အဖွားက “ဗူစီရေ၊ ဒီဥကို သားရဲ့မိဘတွေကိုပေးလိုက်။ သားရဲ့ညီမလေးမင်္ဂလာဆောင်မှာ ကိတ်မုန့်ကြီးတစ်လုံးဖုတ်ချင်နေကြပါတယ်။” လို့ ခေါ်ပြီးပြောပါတယ်။



ဗူစီဟာ သူမိဘအိမ်ကိုသွားတဲ့လမ်းမှာ ကောင်လေးနှစ်ယောက် အသီးတွေခူးနေတာကိုတွေ့လိုက်ပါတယ်။ ကောင်လေးတစ်ယောက်ဟာ သူ့ရဲ့ဥကိုယူပြီးအပင်ပေါ်ကို ပစ်ပေါက်လိုက်ပါတယ်။ သူ့ရဲ့ ဥဟာ ကွဲသွားပါတယ်။



ဗူစီဟာ ငိုပြီး“မင်းတို့ဘာလုပ်လိုက်တာလဲ။ ဒီဥဟာ ငါ့ညီမ မင်္ဂလာဆောင်အတွက် ကိတ်မုန့်ဖုတ်ဖို့အတွက်ပါ။ မင်္ဂလာဆောင်ဖို့ကိတ်မုန့်မရှိရင် ငါ့ညီမဘာပြောမှာလဲမသိဘူး” ဆိုပြီးပြောပါတယ်။



ကောင်လေးတွေဟာ ဗူစီ့ကိုစခဲ့တဲ့အတွက်စိတ်မကောင်းဖြစ်သွားပါတယ်။ ကောင်လေးတစ်ယောက်က “ငါတို့ နင့်ရဲ့ကိတ်မုန့်အတွက် ဘာလမှမလုပ်ပေးနိုင်ပေမယ့် ရှော့ဒီမှာ မင်းညီမလေးအတွက် လမ်းလျှောက်တဲ့တုတ်ချောင်း” ဆိုပြီးပြောပါတယ်။ ဗူစီဟာ ဆက်ပြီးခရီးနှင်ခဲ့ပါတယ်။



လမ်းတစ်လျှောက်မှာ လူကြီးနှစ်ယောက်အိမ်ဆောက်နေတာ ကိုတွေ့လိုက်ပါတယ်။ လူကြီးတစ်ယောက်က “အဲ့ဒီ မာတဲ့တုတ်ချောင်းကို သုံးလို့ရမလား” ဆိုပြီးမေးလိုက်ပါတယ်။ ဒါပေမယ့် တုတ်ဟာ အဆောက်အဦးအတွက် ထင်သလောက်မမာတဲ့အခါ ကျိုးသွားပါတယ်။



ဗူစီက “ခင်ဗျားတို့ ဘာလုပ်လိုက်တာလဲ၊ အသီခိုးတဲ့သူတွေ ဟာ ညီမလေးရဲ့ ကိတ်မုန့်အတွက် ယူလာတဲ့ဥကိုခွဲလိုက်လို့ ဒီ တုတ်ချောင်းကို အစားပြန်ပေးတာ။ ကိတ်မုန့်ကလည်း ကျွန်တော့် ညီမလေးရဲ့ မင်္ဂလာဆောင်အတွက်ဖြစ်တယ်။ အခုတော့ ဥကော လက်ဆောင်ကောမရှိတော့ဘူး၊ ကျွန်တော့်ညီမလေး ဘာပြောမှာလဲ။” ဆိုပြီးငိုပြီးပြောပါတယ်။



အိမ်ဆောက်သူတွေဟာ တုတ်ချောင်းကိုချိုးမိသွားတဲ့အတွက် စိတ်မကောင်းဖြစ်သွားကပြီတယ်။ လူကြီးတစ်ယောက်က “ငါတို့ ကိတ်မုန့်အတွက် ဘာမှမလုပ်ပေးနိုင်ပါဘူး။ ဒါပေမယ့် ရော့ဒီမှာ သားညီမလေးအတွက် မြက်တစ်ထုပ်” ဆိုပြီးပြောလိုက်ပါတယ်။ ပြီးတော့ ဗူစီက ခရီးဆက်ခဲ့ပါတယ်။




လမ်းမှာ ဗူစီဟာ လယ်သမားတစ်ဦးနဲ့ နွားတစ်ကောင်ကိုတွေ့ပါတယ်။ နွားက “မြက်ထုပ်က စားလို့ကောင်းမယ့်ပုံဘဲ။ တစ်ဆိတ်လောက်စားကြည့်လို့ရမလား” လို့မေးပါတယ်။ ဒါပေမယ့် မြက်ထုပ်က အရမ်းအရသာရှိတဲ့အတွက် နွားဟာ အကုန်စားလိုက်ပါတယ်။



ဗူစီက “ခင်ဗျားတို့ဘာလုပ်လိုက်တာလဲ၊ ဒီမကြာ်ထုပ်က ကျွန်တော့်ညီမလေးအတွက်လက်ဆောင်ပါ။ အိမ်ဆောက်တဲ့ သူတွေဟော အသီးခူးတဲ့သူတွေဆီကရလာတဲ့ တုတ်ကိုချိုးမိလို့ မကြာ်ထုပ်ကိုပေးလိုက်တာပါ။ အသီးခူးတဲ့သူတွေကကျွန်တော့်ညီမအတွက် ယူလာတဲ့ ဥကိုခွဲလိုက်တဲ့အတွက် တုတ်ကိုပေးလိုက်တာပါ။ ဥက ကျွန်တော့်ညီမလေး မင်္ဂလာဆောင်အတွက် ကိတ်မုန့်ဖုတ်ဖို့အတွက်ပါ။ အခုကျွန်တော့်ဆီမှာ ဥလည်းမရှိတော့ဘူး၊ ကိတ်မုန့်လည်းမရှိတော့ဘူး၊ လက်ဆောင်လည်းမရှိတော့ဘူး၊ ကျွန်တော့်ညီမ ဘာပြောလိမ့်မလဲ” ဆိုပြီးငိုပြီးပြောပါတယ်။



နွားဟာ သူအရမ်းလောဘကြီးမိသွားတဲ့အတွက် စိတ်မကော င်းဖြစ်မိသွားပါတယ်။ လယ်သမားကလည်း နွားကိုဗူစီ့ညီမ လေးရဲ့ မင်္ဂလာဆောင်အတွက် လက်ဆောင်အနေနဲ့ ထ ည့်ပေးလိုက်ဖို့သဘောတူလိုက်ပါတယ်။ အဲဒီလိုနဲ့ ဗူစီဟာ ရှင့် ဆက်ပါတယ်။



ဒါပေမယ့် ညစာစားချိန်မှာတော့ နွားဟာ လယ်သမားဆီ
ပြန်ပြေးသွားပါတယ်။ အဲ့ဒီတော့ ဗူစီဟာ ခရီးလမ်းပျော
က်သွားပါတယ်။ သူဟာ သူ့ညီမရဲ့ မင်္ဂလာဆောင်ပွဲကိုနော
က်ကျမှရောက်သွားပါတယ်။ ဧည့်သည်တွေတောင် စားသော
က်နေကြပြီပါပြီ။



ဗူစီက “ငါဘာလုပ်သင့်သလဲ။ အိမ်ဆောက်တဲ့သူဆီက အလဲအလှယ်လုပ်ခဲ့တဲ့ မြက်ထုပ်အစား လက်ဆောင်အနေနဲ့ယူခဲ့တဲ့နွားလည်း ပြေးသွားပါပြီ။ အိမ်ဆောက်တဲ့သူတွေကလည်း အဲ့ဒီမြက်ထုပ်ကို အသီးခူးတဲ့သူဆီက ယူလာတဲ့ တုတ်ချောင်းကို ချိုးမိလို့ ပေးလိုက်တာပါ။ အသီးခူးတဲ့သူတွေက ကိတ်မုန့်အတွက်ယူလာတဲ့ဥကို ခွဲမိလို့ တုတ်ကိုပေးတာပါ။ ကိတ်မုန့်က မင်္ဂလာဆောင်ပွဲအတွက်ပါ။ အခုတော့ ဥကော၊ ကိတ်မုန့်ကော၊ လက်ဆောင်ကောမရှိတော့ဘူး” ဆိုပြီးငိုပါတယ်။



ဗူစီရဲ့ညီမလေးက ခနလောက်စဉ်းစားပြီး "ငါ့အစ်ကိုဗူစီ၊ ညီမ ကတကယ်တမ်းတော့ လက်ဆောင်တွေအကြောင်းကို ဂရုမ စိုက်ပါဘူး။ ကိတ်မုန့်အတွက်တောင်ဂရုမစိုက်ပါဘူး။ ညီမတို့ တူတူရှိနေရင် ပျော်ရွှင်ရပါတယ်။ အခုပွဲအတွက်ဝတ်စုံဝ တ်ပြီး ဒီနေ့လေးကိုဆင်နွှဲလိုက်ရအောင်" လို့ပြောလိုက်ပြီး ဗူ စီလည်း ဆင်နွှဲလိုက်ပါတယ်။

# Global Storybooks

globalstorybooks.net

# ဗူစီရဲ့ ညီမလေးပြောလိုက်တဲ့စကား

Nina Orange
Wiehan de Jager
Naw Thazin Hpway

CC BY